အမွေရထိုက်သူများကို အမွေများပေးကြလော့။

ကျန်တယ့်အရာသည် အနီးစပ်ဆုံး ယောက်ကျားလေး

အတွက်ဖြစ်သည်။

အစ်ဗ်နုအဗ္ဗားစ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အမွေရထိုက်သူများကို
အမွေများပေးကြလော့။ ကျန်တယ့်အရာသည် အနီးစပ်ဆုံး ယောက်ကျားလေး အတွက်ဖြစ်သည်။
[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အမွေခွဲဝေရေးကိုတာဝန်ယူဆောင်ရွက်သူများအား အလ္လာဟ်အရှင်မြတ် ချမှတ်ပညတ်ထားတော်မူသည့်အတိုင်းတရားမျှတစွာ ခွဲဝေပေးရန် မိန့်တော်မူခဲ့သည်။ ထိုသို့ခွဲဝေရာတွင် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်တွင် သတ်မှတ်ပြဌာန်းထားသော အချိုးကျ အခွင့်အရေးရှိသူများ (အတ်စ်ဟာဗွလ်ဖူရူးဒ်)အား ၎င်းတို့၏ အချိုးကျအခွင့်အရေးများကို အရင်ပေးရမည်။ထိုအချိုးများမှာ သုံးပုံနှစ်ပုံ ၊ သုံးပုံတစ်ပုံ ၊ ခြောက်ပုံတစ်ပုံ၊ တစ်ဝက်၊လေးပုံတစ်ပုံနှင့် ရှစ်ပုံတစ်ပုံတို့ ဖြစ်ကြသည်။ ထိုသို့အချိုးကျအခွင့်အရေးရှိသူများအား ၎င်းတို့၏ အချိုးများပေးပြီးနောက် ကျန်ရှိသည့်ပစ္စည်းများကို အဆွဗဟ်ဟုခေါ်သည့် အမျိုးသားများအနက် သေဆုံးသူနှင့်အနီးစပ်ဆုံးသွေးရင်းချာ အမျိုးသားအား ပေးအပ်ရမည်။

http://www.sunnah.global/hadeeth/my/show/5887